ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၃ ၊ အမှတ် ၆ ၂၀၁၈ ခုနှစ် ၊ မတ်လ ၁ ရက်

## ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်အား Kubota-Marubeni Protechs မှ JV Senior Business Executive Mr. Rimpei Kamimae အကောက်ခွန် နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ဆိုင်ရာကိစ္စရပ်များ လာရောက်တွေ့ဆုံဆွေးနွေး



၂၀၁၈ ခုနှစ် ၊ ဖေဖော်ဝါရီလ (၂၆) ရက်နေ့တွင် ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဧည့်ခန်းမ၌ အကောက်ခွန်ဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်အား Kubota-Marubeni Protechs JV မှ Senior Business Executive Mr. Rimpei Kamimae သည် အကောက်ခွန် နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ဆိုင်ရာကိစ္စရပ်များအား လာရောက်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်အပါအဝင် ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူး ၊ အရာထမ်း များနှင့် Kubota-Marubeni Protechs JV မှ တာဝန်ရှိသူ စုစုပေါင်း (၁၃) ဦး တက်ရောက်ခဲ့ကြပါသည်။

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်နေသည့် ရေပူ နှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့မှ ဝန်ထမ်းများအား ဆုငွေချီးမြှင့်သည့်အခမ်းအနား ကျင်းပခြင်း





တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်နေသည့် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများအား ဆုငွေချီးမြှင့်သည့် အခမ်းအနားအား ၂၀၁၈ ခုနှစ် ၊ ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဇေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာန ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ ၊ သစ်တော ဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာန ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမားမှတ်ပုံတင်ရေးဦးစီးဌာန ၊ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ၊ မူးယစ်အထူးတပ်ဖွဲ့ ၊ ကုန်သွယ်ရေးဦးစီးဌာန ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ၊ ငါးလုပ်ငန်းဦးစီးဌာန နှင့် ပိန်းဆာ ပြည်သူ့စစ်အဖွဲ့တို့မှ တက်ရောက်ခဲ့ကြပြီး တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအတွက် ဆုငွေစုစုပေါင်း (၁၁၀၉၀၈၅၁၂၂ ) ကျပ် အား အသီးသီးချီးမြှင့်ပေးအပ်ခဲ့ပါသည်။

အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယ ညွှန်ကြားရေးမှူးများ ၊ အရာထမ်းများနှင့် အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများ ဌာနဆိုင်ရာများ နှင့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။

# ဦးစီးအရာရှိရာထူး မှ လက်ထောက်ညွှန်ကြားရေးမှူးရာထူး အဆင့်တိုး စာမေးပွဲ ကျင်းပခြင်း




အကောက်ခွန်ဦးစီးဌာန ၊ ဦးစီးအရာရှိ ရာထူးအဆင့် မှ လက်ထောက်ညွှန်ကြားရေးမှူးရာထူးအဆင့် တိုးမြှင့်ရေး စာမေးပွဲအား ၂၀၁၈ ခုနှစ် ၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့ မှ (၁၆) ရက်နေ့အထိ ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန ၊ သင်တန်းကျောင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း လာရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။


အဆိုပါ ရာထူးတိုးမြှင့်ရေး စာမေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ ဦးစီးအရာရှိအဆင့် အရာထမ်း စုစုပေါင်း (၄၈) ဦး ဖြေဆိုခဲ့ကြပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၃၂၀.၃၂၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ (၁) ရက်နေ့ မှ (၂၈) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှု မှာ (၃၀၅) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၃၃၂၀.၃၂၅) သန်းခန့်ဖြစ်ပါသည်။

### ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်







လေဆိပ်တားဆီးမှုအနေဖြင့် တားဆီးမှု (၇) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၈၁.၁၁၉) သန်းခန့် ရှိသည့်အနက် ၁၅-၂-၂၀၁၈ ရက်နေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ 8M-601 ဖြင့် မြန်မာနိုင်ငံ မှ အိန္ဒိယသို့ ထွက်ခွာမည့် မြန်မာနိုင်ငံသားခရီးသည်ထံမှ စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် ခေါင်းတွင်တပ်ဆင်ထားသောဘီးကုတ်အတွင်း၌ ရွှေဟုယူဆရသည့် ရွှေပြား (၁) ချောင်း၊ ပိုက်ဆံအိတ်လက်ကိုင်ကိုင်း (၂) ခု၊ လက်တွင်ဝတ်ဆင်ထားသော လက်ကောက် (၁) ကွင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၃၅) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၃၂၀.၃၂၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း



ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၆) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၃၆၃.၇၇၀) သန်းခန့်ရှိသည့် အနက် ၅-၁-၂၀၁၈ နေ့တွင် Vince Myanmar Co, Ltd. တင်သွင်းလာသည့် CMP ပစ္စည်းများအား စစ်ဆေးခဲ့ရာ Item (1) to(3) မှာ ID, IL, Invoice, Packing List တို့နှင့် ကိုက်ညီမှုရှိသော်လည်း Item (4) မှာ ဖော်ပြချက်မပါရှိသည့် 3600 Kg ပါလာခြင်း၊ Item (5) မှာ ကြေညာထားသည်ထက် 1200 Kg လျော့နည်းခြင်း၊ Item (6)မှာ 1430 Kg နှင့် Item (7)မှာ 800 Kg အပိုပါရှိခြင်း၊ Item (8) မှာ ကြေညာသည့် အမျိုးအစားမပါဘဲ မကြေညာသည့် အမျိုးအစား 900 Kg ပါရှိခြင်း၊ Item (9) မှာ မကြေညာသည့် အပိုပစ္စည်းပါရှိလာကြောင်း နှင့် VPA (95) ရက် ဖြစ်နေသဖြင့် ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၂၈၇.၄၉၇) သန်းခန့်အားတားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၃၂၀.၃၂၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း



နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၂၉၂) မှုရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ် (၂၈၆၅.၄၃၆) သန်းခန့်ရှိသည့်အနက် ၇-၂-၂၀၁၈ ရက်နေ့တွင် (၁၆) မိုင်ကျောက်ချောစစ်ဆေးရေးစခန်းတာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့သည် မူဆယ် မှ မန္တလေးသို့သွားရောက်မည့် ISUZU အမျိုးအစား (၆) ဘီးယာဉ်အား တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် အေးခဲအသား အမျိုးစုံ (690) Kg နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၂၂) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၃၂၀.၃၂၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု



တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်နိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာန ၊ ညွှန်ကြားရေးမှူး ဦးစီးသည့် အထူးစစ်ဆေးရေးအဖွဲ့များသည် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျောက် စစ်ဆေးရေးစခန်းများ အားရှောင်ကွင်း၍ တရားမဝင်ကုန်ပစ္စည်းများ တင်သွင်း ၊ တင်ပို့လျက်ရှိကြောင်းနှင့် ကျသင့်ခွန်ပေးဆောင်ထားသည့် ကုန်စည်များထက် ပိုမိုတင်ဆောင်နေကြောင်း သတင်းများအရ ရှောင်တခင် စစ်ဆေး ဖမ်းဆီးမှုဆောင်ရွက်ခဲ့ရာ ၁၄-၂-၂၀၁၈ ရက်နေ့ ၁၄:၀၀ နာရီ အချိန်ခန့်တွင် ပြင်ဦးလွင်မြို့ ၊ မြို့ပတ်လမ်း မိုင်တိုင်အမှတ် (၆) မိုင် (၃) ဖာလုံ၌ (၁၂) ဘီးယာဉ် (၄) စီးပေါ်တွင် တရားမဝင်လျှပ်စစ်ပစ္စည်း (၂၄)မျိုး အထွေထွေ လူသုံးကုန်ပစ္စည်း (၆၈) မျိုး နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ် (၄) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၉၈၃.၇၅၉) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၃၂၀.၃၂၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၂-၂-၂၀၁၈ ရက်နေ့တွင် မန္တလေးမြို့ နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် မူဆယ်သို့သွားရောက်မည့် ခရီးသည်တင်ယာဉ် (၁) စီးအား တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်၏ နောက်ခန်းတွင် အံဝှက်ပြုလုပ်၍ သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် ပိတောက်ခွဲသား (၁၄၅) ချောင်း၊ (၀.၂၈၄၆)တန် ၊ အမဲသားခြောက် (၂၀၀၀) ပိဿာနှင့် ပစ္စည်း သယ်ဆောင်သည့်ယာဉ် (၁) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၇၀.၈၅၃) သန်းခန့်အားစစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၃၂၀.၃၂၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၅-၂-၂၀၁၈ ရက်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းအား ဖြတ်သန်းမည့် Nissan Truck (၁၂) ဘီးယာဉ် (၂) စီးသည် မရမ်းချောင်စစ်ဆေးရေးစခန်း၌ စစ်ဆေးခံခြင်း မပြုဘဲ ပြန်လှည့်၍ မောင်းနှင်ထွက်ပြေးသဖြင့် အကောက်ခွန်အထူးဖမ်းဆီးရေးအဖွဲ့၏ သတင်းပေးပို့ချက်အရ ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ ပိတ်ဆို့ရှာဖွေတားဆီးခဲ့ရာ အဆိုပါယာဉ် (၂) စီးပေါ်တွင် တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် Sodium Cyanide (Black) (1x50 kg) (100) Drum , Sodium Cyanide (Blue) (1x50 kg) (150) Drum နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၂) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၅၁.၅) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ဖေဖေဖော်ဝါရီလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၅ မှု | ၅ မှု | ၁၆၅.၂၄၇ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ၅ မှု | ၅ မှု | ၈၀.၀၅၉ သန်း |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၉ မှု | ၉ မှု | ၃၀.၈၅၁ သန်း |
| | စုစုပေါင်း | - | ၁၉ မှု | ၁၉ မှု | ၂၇၆.၁၅၇ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၇) ရက်နေ့ မှ (၂၈-၂-၂၀၁၈) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၂၄၅) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း(၄၀၄၈.၄၆၅) သန်းခန့်အား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။


# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့် လူသုံးကုန်ပစ္စည်းများအား အိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချခြင်း




စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော လူသုံးကုန်ပစ္စည်းများအား (၂၁-၂-၂၀၁၈) ရက်နေ့တွင် အိတ်ပိတ်တင်ဒါစနစ်ဖြင့် ထုခွဲ ရောင်းချခြင်းကို ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးနေလင်းမှ ဥက္ကဋ္ဌအဖြစ် ပါဝင်သောတင်ဒါရောင်းချရေးအဖွဲ့ဖြင့် တင်ဒါအုပ်စု (၂) စုအား ဈေးပြိုင်တင်ဒါရောင်းချခဲ့ရာ စုစုပေါင်း ကျပ် (၃၂.၃) သန်းရရှိခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ


Electric Motor များ တင်သွင်းရာ၌ လိုင်စင်လို/ မလိုနှင့် Duty Rate အားမေးမြန်းရာ လိုင်စင်လိုအပ်ကြောင်း ၊ အကောက်ခွန် 3% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။





Weather Temperature Indicator များ တင်သွင်းလိုပါသဖြင့် လိုင်စင်လို/ မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 9031.80.90 ဖြစ်ပြီး အကောက်ခွန် 3% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။


Aluminum Foil နှင့် Plastic Foil များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ Aluminum Foil ၏ HS Code မှာ 7607.19.00 ဖြစ်ပြီး အကောက်ခွန် 7.5 % နှင့် Plastic Foil ၏ HS Code မှာ 3920.99.90 ဖြစ်ပြီး အကောက်ခွန် 3 % ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2 ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။






Pellet Machine (ကြက်စာတောင့် ထုတ်စက်) များ တင်သွင်းရာ၌ လိုင်စင်လို/ မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနထောက်ခံချက်ပါရှိပါက လိုင်စင်မလိုအပ်ကြောင်း ဖြေကြားခဲ့ပါသည်။


## အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ




New Computer (2008 , 2009 Model) များ တင်သွင်းလိုပါသဖြင့် တင်သွင်းခွင့် ရှိ/မရှိမေးမြန်းရာ တင်သွင်းခွင့်ရှိကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။



Epoxy Powder တင်သွင်းလိုပါသဖြင့် တင်သွင်းခွင့် ရှိ/မရှိမေးမြန်းရာ ဓါတုထောက်ခံချက် လိုအပ်ကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။



China Tyre များ တင်သွင်းလိုပါသဖြင့် Form E ခံစားခွင့် ရှိ/မရှိ မေးမြန်းရာ Form E ခံစားခွင့်ရှိကြောင်း ဖြေကြားခဲ့ပါသည်။



Recycle Plastic Scrap များ တင်သွင်းလို ပါသဖြင့် တင်သွင်းခွင့် ရှိ/မရှိ မေးမြန်းရာ သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ထောက်ခံချက်ရှိမှသာ တင်သွင်းခွင့်ရှိကြောင်း ဖြေကြားခဲ့ပါသည်။